MYANMAR RESOURCE WATCH



# ရွှေမိုင်းကပေးတဲ့သဘာဝဘေး

*“ဒီမှာက ပါးစပ်ရာဇဝင်တစ်ခုတော့ရှိခဲ့တယ်။ အင်္ဂလိပ်လက်ထက်က တူးကြတာ ရွှေတွေထော်လီအပြည့်နဲ့ ရှိခဲ့တယ်ဆိုပြီး ပြောကြတယ်....”*

ကလောမြို့ရဲ့ အေးမြလတ်ဆတ်တဲ့ ဆောင်းရာသီမနက်ခင်းလေညှင်းက မြို့ပေါ်ကို လွှမ်းခြုံထားနိုင်ပေမဲ့ သတ္တုလုပ်ကွက်တွေရှိတဲ့ တောင်ပေါ်ဒေသမှာတော့ ပူပြင်းခြောက်သွေ့လို့နေပါတယ်။ တကယ်ဆိုရင် တောတောင်ဒေသဟာ ပိုပြီးအေးမြနေရမှာမှန်ပေမဲ့ သတ္တုတူးဖော်ရေးလုပ်ကွက်တွေကြောင့် သဘာဝမဆန်တဲ့ ဂေဟာစနစ်တစ်ခု အဖြစ်ကို ရောက်ရှိလာပါတယ်။

ကလောမြို့ဟာ ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လယ်ရေမျက်နှာပြင်အထက် (၄,၂၉၇) ပေအမြင့်မှာ တည်ရှိပြီး အေးချမ်းသာယာတဲ့ ရာသီဥတုနဲ့ ထင်းရှူးတောတောင် အလှအပတွေကြောင့် နာမည်ကျော်ကြားတဲ့ တောင်ပေါ်အပန်းဖြေစခန်းရှိတဲ့ မြို့တစ်မြို့ဖြစ်ပါတယ်။

မြို့ပတ်ပတ်လည်မှာ ထင်းရှူးပင်တွေပေါများပြီး မြူနှင်းတွေဝေဆာနေတက်တာကြောင့် မြန်မာပြည်ရဲ့ 'ဆွစ်ဇာလန်'လို့ တင်စားခေါ်ဝေါ်ကြပါတယ်။



## ရွှေရွာ (သို့မဟုတ်) ရွှေမင်းဘုံဒေသ




ကလော-သာစည်နယ်စပ်ကြားမှာရှိတဲ့ ရွှေမင်းဘုံဒေသကို အကြီးစားရွှေတူးဖော်ရေးလုပ်ကွက်တွေ ဝင်ရောက်လာပြီးနောက်မှာတော့ သဘာဝအလှအပတွေနဲ့ ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုတွေဟာ တစ်စတစ်စ ပိုများလာခဲ့ပါတယ်။

ကလောမြို့ပေါ်ကနေ ဖုန်တလိမ်းလိမ်းထကာ ကြမ်းတမ်းတဲ့မြေသားလမ်းကို တစ်နာရီဝန်းကျင် လောက်ဖြတ်သန်းသွားရင်တော့ ရွှေမင်းဘုံဒေသကို ရောက်ရှိပါတယ်။ ကလောနဲ့ ရွှေမင်းဘုံဒေသ ကြားမှာတော့ အလယ်ချောင်၊ နန်းတိုင်း၊ ပင်မုန်း စတဲ့ကျေးရွာတွေ ရှိကြပါတယ်။

ရွှေမင်းဘုံရွာအဝင်လမ်းမှာတော့ မြေကြီးပေါ်ကို ထိုးထိုးထောင်ထောင်နဲ့ ဟိုတစ်စ၊ ဒီတစ်စ ထွက်နေတဲ့ အိမ်ခေါင်မိုးအစွန်းအစတွေက ဆီးလို့ကြိုနေပါတယ်။ လူနေအိမ်ခေါင်မိုးတွေသာမကဘဲ ရွာဘုန်းကြီးကျောင်းရဲ့ မုဒ်ဦးတစ်ဝက်ဟာလည်း မြေကြီးထဲ မြုပ်ဝင်လို့နေပါပြီ။

သစ်တောပြုန်းတီးကာ တောင်ကတုံးဖြစ်ရာမှ သဘာဝဘေးအန္တရာယ်တွေကျရောက်ပြီး ဂေဟာစနစ် ပျက်စီးတာတွေရဲ့ အဓိကအကြောင်းအရာကတော့ ရွှေနဲ့ သတ္တုတွင်းထွက်ပစ္စည်းတွေ အလွန်အကျွံ တူးဖော်ရာကနေ အစပြုသန္ဓေတည်လာခြင်းလာခဲ့တာပါ။




ပြီးခဲ့တဲ့ ၂၀၂၄ ခုနှစ် စက်တင်ဘာလမှာ မိုးသည်းထန်စွာရွာသွန်းပြီး တောင်ပြို၊ မြေပြိုကျမှုကြောင့် လူနေအိမ်၊ ဘုန်းကြီးကျောင်းနဲ့ စာသင်ကျောင်းတွေဟာ နုန်းမြေဖုံးလွှမ်းခြင်းကို ခံခဲ့ရပါတယ်။

ဒီအဖြစ်အပျက် ဖြစ်ပွားပြီး ၂၀၂၅ ခုနှစ် နှစ်ကုန်ပိုင်းအထိ နုန်းမြေဖုံးလွှမ်းခံခဲ့ရတဲ့ အိမ်တွေဟာ ပြန်လည်ပြုပြင်ခြင်းမရှိဘဲ အပျက်အစီးတွေအတိုင်းသာ ရှိနေကြပါတယ်။ ဒီသဘာဝဘေးကို ခံစားခဲ့ရတဲ့ ဒေသခံတွေဟာ တခြားလွတ်ရာမြေနေရာတွေမှာပဲ ယာယီတဲတွေ ထိုးပြီးနေကြရသလို မသန့်ရှင်းတော့တဲ့ ရွာရဲ့ချောင်းရေကိုပဲ မှီခိုသောက်သုံးနေကြရပါတယ်။

ဒါတွေဟာ သတ္တုတူးဖော်ရေးလုပ်ငန်းတွေကြောင့် သစ်တောတွေပြုန်းတီးပြီး မြေဆီလွှာတွေ ပျက်စီးလာတာကြောင့် သဘာဝဘေးဒဏ်ကို အံ့တုနိုင်ခြင်းမရှိတော့ဘဲ ကြုံတွေ့ခံစားခဲ့ရတာပဲဖြစ်ပါတယ်။

ရွှေမင်းဘုံဒေသမှာတော့ ရွှေသတ္တုတူးဖော်ရေးကုမ္ပဏီကြီးတွေက အကြီးစားတူးဖော်ရေးလုပ်ကွက်တွေ လုပ်ကိုင်ကြသလို တစ်ပိုင်တစ်နိုင် ရွှေချက်လုပ်ငန်းလုပ်ကိုင်သူ၊ ရွှေပန်းထိမ်လုပ်ငန်းလုပ်ကိုင်သူတွေ ရှိကြပါတယ်။ နောက်ပိုင်းမှာ ရွှေဈေးကောင်းလာတာကြောင့် ရွှေချက်လုပ်ငန်းလုပ်ကိုင်သူတွေဟာ တစ်ရက်ထက်တစ်ရက် ပိုများလာခဲ့ပါတယ်။

"ကိုယ်ပိုင်ရွှေတူးတဲ့သူတွေ အများကြီးပဲ။ ရွှေဆိုတာပျောက်ကွယ်သွားတာမှမဟုတ်တာ။ တစ်နေရာပြီး တစ်နေရာ ရှိတာကို။ နှစ်ချို့ပုတ်(မြုန်းအိတ်)တွေမှာ ရွှေပြန်ပါလာတာပဲ။ ချက်တဲ့သူ လူဦးရေအများကြီး ရာချီပြီးကိုရှိခဲ့တာ။ ရေကတော့မရဘူး။ ချောင်းတွေမြောင်းတွေ မရှိဘူး။ ရွှေချက်ဖို့ ရေကန်တစ်ကန်စာကို ကျပ်နှစ်သောင်းခွဲ ပေးဝယ် ရတယ်"

*(ကလောမြို့ ရွှေချက်လုပ်ငန်းလုပ်ကိုင်သူတစ်ဦး)*

## ကုမ္ပဏီကြီးတွေအုပ်စိုးထားတဲ့ ရွှေမင်းဘုံ

အရင်က ရွှေမင်းဘုံဒေသမှာ တစ်ပိုင်တစ်နိုင်ရွှေတူးဖော်ကာ ရွှေချက်လုပ်ငန်းကို လုပ်ကိုင်ခဲ့ကြပေမယ့် သတ္တုတူးဖော်ရေးကုမ္ပဏီကြီးတွေ ဝင်ရောက်လာပြီးနောက် အဲဒီကုမ္ပဏီကြီးတွေကထွက်ရှိတဲ့ ရွှေသန့်စင်ပြီးသား မြေစာ ရွှေချေးတွေကို ပြန်လည်ဝယ်ယူကာ ရွှေပြန်ချက်တဲ့လုပ်ငန်းကို ပြောင်းလဲလုပ်ကိုင်လာကြပါတယ်။

ဒီလိုသတ္တုတူးဖော်ရေးကုမ္ပဏီတွေက ရွှေသန့်စင်ပြီးထွက်ရှိလာတဲ့ ရွှေချေးဘိလပ်မြေတစ်အိတ်ကို ကျပ် (၁၅,၀၀၀) ကနေ (၂၅,၀၀၀) အထိ ပေးဝယ်နေကာ ရွှေပြန်လည်ချက်ယူကြတာဖြစ်ပြီး တစ်ရက်ကို ရွှေအနည်းဆုံး (၄)ပဲ လောက် ရကြတယ်လို့ ရွှေချက်လုပ်ငန်းလုပ်ကိုင်သူတွေက ပြောပြပါတယ်။



Photo – MRW

“အစိုးရကို အခွန်ဆောင်ပြီး ကုမ္ပဏီကြီးတွေ ဝင်ပြီး လုပ်ကြတာဆိုတော့ အခုနောက်ပိုင်း အလုပ်သမား အနေနဲ့ပဲ လုပ်လို့ရမယ်။ ကိုယ်ပိုင်လုပ်ခွင့် မပေးတော့ဘူးလေ။ အဲဒီအခါမှာ လုပ်ရတာ မကိုက်တော့ဘူး။ ကုမ္ပဏီတွေကတော့ အမျိုးမျိုးပြောင်းတယ်။ ကိုယ်ပိုင် လုပ်ခွင့်မပေးတော့ ခိုးပြီးလုပ်တဲ့ သူတွေလည်းရှိတယ်။ စစ်တပ်က စစ် ကြောင်းလာထိုးရင်တော့ ပြေးရတယ်”

*(ရွှေမင်းဘုံဒေသ ရွှေချက်လုပ်ငန်း လုပ်ကိုင် သူတစ်ဦး)*







ရွှေမင်းဘုံဒေသမှာတော့ အစိုးရခွင့်ပြုမိန့်နဲ့ ရွှေတူးဖော်ကြတဲ့ ကုမ္ပဏီတွေရှိတဲ့အနက် အာရှကမ္ဘာမြေ စက်မှုနဲ့သတ္တုတူးဖော်ရေးကုမ္ပဏီက အကြီးဆုံးဖြစ်ပြီး မြေကေပေါင်း (၆,၀၀၀) ကျော်ကျယ်ဝန်းတဲ့ ရွှေတူးဖော်ရေး လုပ်ကွက်တွေပဲ ဖြစ်ပါတယ်။ အဲဒီကုမ္ပဏီဟာ အေရှားဝေါ (Asia World ) လုပ်ငန်းစု ပိုင်ဆိုင်တဲ့ သတ္တုတူးဖော်ရေး ကုမ္ပဏီတစ်ခုလည်း ဖြစ်ပါတယ်။

အေရှားဝေါကုမ္ပဏီအုပ်စုကို တည်ထောင်သူကတော့ ကိုးကန့်လူမျိုး ဘိန်းဘုရင်လော်စစ်ဟန်နဲ့ သားဖြစ်သူ ဦးထွန်းမြင့်နိုင်တို့ပဲဖြစ်ပါတယ်။ အခုလက်ရှိမှာတော့ သားဖြစ်သူ ဦးထွန်းမြင့်နိုင်က အမှုဆောင်အရာရှိချုပ်အဖြစ် တာဝန်ယူအုပ်ချုပ်နေပါတယ်။

## အေရှားဝေါ်ရဲ့ လုပ်ပိုင်ခွင့်

အေရှားဝေါ်ကုမ္ပဏီဟာ ခေတ်အဆက်ဆက် အစိုးရတွေရဲ့ အဓိကအခြေခံအဆောက်အအုံ စီမံကိန်းကြီးတွေကို အကောင်အထည်ဖော်ပေးရတဲ့ အဓိကမိတ်ဖက်ဖြစ်ခဲ့ပါတယ်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ နေပြည်တော်လေဆိပ်နဲ့ ရန်ကုန် - မန္တလေး အမြန်လမ်းဟောင်း အဆင့်မြှင့်တင်ခြင်းအပါအဝင် အဆင်မြင့်လမ်းမကြီးတွေ တည်ဆောက်ရာမှာ ရင်းနှီးမြှုပ်နှံလုပ်ကိုင်ထားသလို မြန်မာနိုင်ငံရဲ့ အကြီးဆုံးဆိပ်ကမ်းဝန်ဆောင်မှုတစ်ခုဖြစ်တဲ့ ရန်ကုန်မြစ်ထဲက Asia World Port Terminal (AWPT) ကိုလည်း ပိုင်ဆိုင်ထားပါသေးတယ်။

ဒါ့အပြင် အေရှားဝေါ်ကုမ္ပဏီဟာ ရေအားလျှပ်စစ်စီမံကိန်း၊ ဟိုတယ်နဲ့ အိမ်ခြံမြေလုပ်ငန်းတွေအပြင် မြန်မာနိုင်ငံရဲ့ အကြီးဆုံးသယံဇာတတွေဖြစ်တဲ့ ကျောက်စိမ်းနဲ့ ရွှေတူးဖော်ရေးလုပ်ငန်းတွေမှာလည်း ပါဝင်လုပ်ကိုင်နေတာပါ။

ဒီလို သယံဇာတတူးဖော်ရေးလုပ်ငန်းတွေကို အေရှားဝေါ်ကုမ္ပဏီက ကိုယ်တိုင်ပါဝင်လုပ်ကိုင်တာ ဒါမှမဟုတ် ကုမ္ပဏီလက်ခွဲ၊ အခြားမိတ်ဖက်ကုမ္ပဏီတွေကတစ်ဆင့် ပူးပေါင်းလုပ်ဆောင်တာတွေလည်း ရှိနေပါတယ်။






အေရှားဝေါဟာ ကချင်ပြည်နယ်၊ ဖားကန့်ဒေသမှာရှိတဲ့ အကြီးစားကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းမှာ အဓိက ကျတဲ့အခန်းကဏ္ဍကနေ ပါဝင်လုပ်ကိုင်ခဲ့ပြီး ရှမ်းပြည်နယ်နဲ့ အထက်မြန်မာပြည်မှာရှိတဲ့ သတ္တုတူးဖော်ရေးလုပ်ကွက် တချို့ကိုလည်း လုပ်ပိုင်ခွင့်ရရှိခဲ့ပါတယ်။

အဲဒီလို လုပ်ပိုင်ခွင့်ရရှိတဲ့အထဲမှာလည်း ကလော - သာစည် နယ်စပ်ကြားမှာရှိတဲ့ ရွှေမင်းဘုံဒေသက ရွှေတူး ဖော်ရေးလုပ်ငန်းလည်း တစ်ခုအပါအဝင်ပဲဖြစ်ပါတယ်။

အာရှကမ္ဘာမြေစက်မှုနဲ့ သတ္တုတူးဖော်ရေးကုမ္ပဏီဟာ ပြီးခဲ့တဲ့ NLD အစိုးရလက်ထက်တုန်းက အစိုးရကို ရွှေ ပေးသွင်းဖို့ ပျက်ကွက်တဲ့စာရင်းထဲမှာ ပါဝင်ခဲ့ဖူးပါတယ်။

ဒါ့အပြင် အဓိကပင်ရင်းကုမ္ပဏီဖြစ်တဲ့ အေရှားဝေါဟာလည်း အမေရိကန်အစိုးရရဲ့ စီးပွားရေးအရ ပိတ်ဆို့ အရေးယူမှု (Sanctions)စာရင်းမှာ ကာလအတော်ကြာပါဝင်ခဲ့ပြီး ၂၀၁၆ ခုနှစ်လောက်မှာ အချို့ပိတ်ဆို့မှုတွေကို ပြန်လည်ဖြေလျှော့ပေးတာတွေ ရှိခဲ့ပါတယ်။

## အန္တရာယ်တွင်းလား ရွှေတွင်းလား

ရွှေမင်းဘုံဒေသဟာ ကလောမြို့ အနောက်ဘက် (၁၀)မိုင်လောက်မှာရှိပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲတဲ့ ဒေသတစ်ခုလည်းဖြစ်ပါတယ်။ တောတောင်ထူထပ်ရာဒေသဖြစ်ပေမယ့် အကြီးစားရွှေတူးဖော်ရေး လုပ်ကွက်တွေကြောင့် သစ်တောပြုန်းတီးကာ အအေးပိုင်းဇုန်ကနေ အပူပိုင်းဇုန်အဖြစ်ကို ပြောင်းလဲလာခဲ့ပါတယ်။



Photo – MRW

ရွှေမင်းဘုံဒေသမှာရှိတဲ့ အကြီးစားရွှေတူးဖော်ရေးလုပ်ကွက်တွေဟာ သူတို့ရဲ့လုပ်ငန်းခွင်ဧရိယာထဲကို အလုပ်သမားတွေကလွဲပြီး တခြားဘယ်သူမှ ဝင်/ထွက် သွားလာလို့ မရကြပါဘူး။ အဲဒီလုပ်ငန်းခွင်ထဲမှာလည်း ရွှေချက်လုပ်ရာ ရေကန်ကြီးတွေ၊ စက်ကြီးတွေနဲ့ ဖြုန်းရရှိအောင် တောင်ဖြိုတဲ့ စက်ယန္တရားယာဥ်ကြီးတွေကိုသုံးပြီး တစ်နှစ်ပတ်လုံး လုပ်ကိုင်နေကြပါတယ်။

အာရှကမ္ဘာမြေစက်မှုနဲ့ သတ္တုတူးဖော်ရေးကုမ္ပဏီပိုင် လုပ်ကွက်ဧရိယာထဲမှာတော့ ရွှေမိုင်းတွင်း နှစ်တွင်း၊ သုံးတွင်းလောက်ရှိပြီး အခုအခါမှာတော့ မိုင်းတွင်းဂူပေါက်ဝကို ပိတ်ထားကြောင်း ဒေသခံတွေက ပြောပြပါတယ်။




“ဂူပေါက်ရှိတယ်။ တစ်ကျွင်းနဲ့ တစ်ကျွင်း ဆက်စပ်နေတာ။ ဒီမှာက ပါးစပ်ရာဇဝင်တစ်ခုတော့ရှိခဲ့တယ်။ အင်္ဂလိပ်လက်ထက်က တူးကြတာ။ ရွှေတွေ ထော်လီအပြည့်နဲ့ ရှိခဲ့တယ်ဆိုပြီးပြောကြတယ်။ ၁၉၈၆ ခုနှစ်လောက်က။ အခုထိတော့ တွေ့ဖူးကြတဲ့သူမရှိသေးဘူး။ ဂူပေါက်ထဲမှာ သံလမ်းတော့ တွေ့တယ်။ မိုင်း ထောင်ထားတယ်လို့ ပြောကြတယ်”

*(ကလောမြို့ ဒေသခံတစ်ဦး)*

## ဘူးလေးရာ ဖရုံဆင့်

ရွှေမင်းဘုံဒေသဟာ ရွှေတူးဖော်ရေးလုပ်ငန်းတွေ ဝင်ရောက်လာပြီးနောက်မှာ မူးယစ်ဆေးဝါးတွေလည်း လိုသလောက်ဝယ်လို့ရနိုင်တဲ့အထိ မှိုပေါက်သလို များပြားလာခဲ့ပါတယ်။ WY ဆေးပြားတစ်ပြားကို ကျပ် (၅၀၀၀)ပေးပြီး ဝယ်ယူသုံးစွဲနေကြတယ်ဆိုပြီး ဒေသခံတွေက ပြောပြပါတယ်။

အရင်က WY ဆေးပြားကို ရွှေတူးဖော်ရေးအလုပ်သမားတွေက အလုပ်ကြမ်းလုပ်နိုင်အောင် သုံးစွဲခဲ့ကြပေမယ့် အခုနောက်ပိုင်းမှာတော့ လူငယ်လူရွယ်တွေအထိပါ ပေါပေါများများ သုံးစွဲလာခဲ့ကြပါတယ်။

ကလောမြို့ဒေသခံတွေဟာ အဲဒီလို မူးယစ်ဆေးဝါးဒဏ်တွေအပြင် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုဒဏ်၊ သဘာဝဘေးဒဏ်တွေကိုပါ ခံစားခဲ့ရပါတယ်။

၂၀၂၄ ခုနှစ် စက်တင်ဘာလက ဖြစ်ပွားခဲ့တဲ့ ရာဂီတိုင်ဖွန်းမုန်တိုင်းအရှိန်ကြောင့် ဆက်တိုက်မိုးရွာသွန်းခဲ့ပြီး တောင်ကျရေတွေ အရှိန်ပြင်းပြင်းနဲ့ စီးလာခဲ့ရာကနေ ကလောတစ်မြို့လုံးနီးပါး ရေကြီးနစ်မြုပ်ခဲ့ကြရပါတယ်။







ဒေသခံတွေရဲ့ နေအိမ်၊ လူသုံးကုန်ပစ္စည်းတွေနဲ့ အိမ်မွေးတိရိစ္ဆာန်တွေဟာ ရေစီးနဲ့မျောပါသွားခဲ့သလို လယ်မြေစိုက်ခင်းတွေ အထိပါ ရေဝင်ရောက်ခဲ့တာကြောင့် ထိခိုက်ပျက်စီး ခဲ့ရပါတယ်။ ဒီနေ့အချိန်အထိ ရေနစ်မြုပ်ခဲ့တဲ့ ဒေသခံတွေရဲ့ နေအိမ်အချို့မှာတော့ ပြန်လည် ပြုပြင်နေဆဲပါပဲ။

ရွှေမင်းဘုံဒေသမှာ သဘာဝဘေးဒဏ်ဖြစ်တဲ့ ရေကြီးမြေပြိုကျတာအပြင် ပြီးခဲ့တဲ့ ၂၀၂၅ ခုနှစ် မတ်လက လှုပ်ခတ်ခဲ့တဲ့ အင်အားပြင်းငလျင်ကြောင့် လူနေအိမ်တစ်ရာကျော် ထိခိုက်ပျက်စီးခဲ့သလို ရွှေတူးဖော်ရေးလုပ်ငန်းတွေလည်း ထိခိုက်ခဲ့ပါတယ်။

ဒါ့အပြင် ၂၀၂၅ ခုနှစ် နိုဝင်ဘာလအတွင်းမှာ ရွှေတွင်းမိုင်းခွဲရာမှ တွင်းပြိုကျတာကြောင့် တွင်းလုပ်သား နှစ်ဦးသေဆုံးကာ သုံးဦးပျောက်ဆုံးခဲ့တဲ့ ဖြစ်စဉ်လည်း ဖြစ်ပွားခဲ့ပါတယ်။

ဒီဖြစ်စဉ်တွေဟာ သဘာဝဘေးအန္တရာယ်တစ်ခုဖြစ်ပေမယ့် သယံဇာတတွေကို အလွန်အကျွံတူးဖော်ရာမှ တစ်ဆင့် သစ်တောပြုန်းတီးပြီး တောင်တွေပြိုကာ ဂေဟစနစ်တွေ ပျက်စီးယို့ယွင်းလာရာမှ သဘာဝဘေးအန္တရာယ်ကို ကာကွယ်နိုင်ခြင်း မရှိတော့ပါဘူး။






တွင်းထွက်သယံဇာတတွေကို အလွန်အကျွံတူးဖော်ထုတ်ယူနေတာဟာ ဒေသခံတွေရဲ့ အကျိုးစီးပွားကို ပံ့ပိုးပေးနိုင်ခြင်းမရှိသလို ကျရောက်လာမဲ့ သဘာဝဘေးအန္တရာယ်ကိုလည်း လက်ယက် ဖိတ်ခေါ်နေပါတယ်။

ဒေသခံတွေရဲ့ အဖြစ်ကတော့ ‘ဘူးလေးရာ ဖရုံဆင့်’ ဆိုသလို မမြင်ရတဲ့ သဘာဝဘေးဒဏ်အပြင် သယံဇာတတူးဖော်ထုတ်လုပ်ခြင်းရဲ့ နောက်ဆက်တွဲ ဆိုးကျိုးမှန်သမျှကိုပါ ရင်ဆိုင်ခံစားနေကြရပါတော့တယ်။